- **ဒါရိုက်တာနှင့် အလှည့်ကျ ဒါရိုက်တာ တာဝန်မှ နှုတ်ထွက်ခြင်း**
- **ဒါရိုက်တာနှင့် အလှည့်ကျ ဒါရိုက်တာ တာဝန်ခန့်အပ်ခြင်း**

ဖတ်(စ်)မြန်မာအင်ဗက်(စ်)မဲ့(န်) အမျှားနှင့်သက်ဆိုင်သည့် ကုမ္ပဏီလီမိတက် ("**ကုမ္ပဏီ**") ဒါရိုက်တာအဖွဲ့သည် အစုရှယ်ယာရှင်များအား အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်။

## ဒါရိုက်တာ နှင့် အလှည့်ကျ ဒါရိုက်တာ တာဝန်မှ နှုတ်ထွက်ခြင်း

Ayala ကော်ပိုရေးရှင်းမှ အဆိုပြုခဲ့သည့် လက်ရှိတာဝန်ထမ်းဆောင်လျှက်ရှိသော အမှုဆောင်မဟုတ်သော ဒါရိုက်တာဖြစ်သူ Mr. Fernando Miranda Zobel de Ayala သည် ၂၀၂၁ ခုနှစ်၊ သြဂုတ်လ ၂ ရက်မှ စတင်၍ ကုမ္ပဏီ၏ဒါရိုက်တာအဖွဲ့မှ နှုတ်ထွက်မည်ဖြစ်သည်။ အဆိုပါ နှုတ်ထွက်မှုနှင့်အတူ ၎င်း၏ကိုယ်စား အလှည့်ကျ ဒါရိုက်တာအဖြစ် တာဝန်ယူထားသည့် Mr. Jose Teodoro K. Limcaoco, သည်လည်း ၂၀၂၁ ခုနှစ်၊ သြဂုတ်လ ၂ ရက်မှစတင်၍ တာဝန်မှ နှုတ်ထွက်မည်ဖြစ်သည်။

Mr. Fernando Miranda Zobel de Ayala နှင့် Mr. Jose Teodoro K. Limcaoco တို့အား ဒါရိုက်တာအဖွဲ့ဝင်များအဖြစ် တာဝန်ထမ်းဆောင်ခဲ့သော အချိန်ကာလအတွင်း တန်ဖိုးမဖြတ်နိုင်သော လုပ်ဆောင်မှုများအတွက် အထူးကျေးဇူး တင်ရှိကြောင်း ဒါရိုက်တာအဖွဲ့မှ မှတ်တမ်းတင် ဖော်ပြအပ်ပါသည်။

## ဒါရိုက်တာနှင့် အလှည့်ကျဒါရိုက်တာ တာဝန်ခန့်အပ်ခြင်း

Ayala ကော်ပိုရေးရှင်းမှ Mr. Cezar Peralta Consing အား ဒါရိုက်တာအဖွဲ့၏ အမှုဆောင်မဟုတ်သောဒါရိုက်တာ အသစ်ဖြစ် အဆိုပြုရာ ဒါရိုက်တာ အဖွဲ့ဝင်သစ်အား ၂၀၂၁ ခုနှစ်၊ သြဂုတ်လ ၂ ရက်မှ စတင်၍ ခန့်အပ်သွားမည် ဖြစ်သည်။ အဆိုပါ တာဝန်ခန့်အပ်မှုနှင့်အတူ Mr. Alberto Macapinlac de Larrazabal အား Mr. Cezar Peralta Consing မှ လုပ်ငန်းတာဝန်များ မဆောင်ရွက်နိုင်သည့် အချိန်အခါတွင် ကိုယ်စားဆောင်ရွက်ရန် အလှည့်ကျ ဒါရိုက်တာအဖြစ် တာဝန်ခန့်အပ်မည် ဖြစ်ပါသည်။

ကုမ္ပဏီ၏ အမည်စာရင်းတင်သွင်းရေး ကော်မတီမှ အဆိုပါပုဂ္ဂိုလ်များ၏ အရည်အချင်းကို စိစစ်ခဲ့ပြီး အဆိုပြုခန့်အပ်မှုများ အပေါ် ထောက်ခံတင်ပြခဲ့ပါသည်။

Mr. Cezar Peralta Consing နှင့် Mr. Alberto Macapinlac de Larrazabal တို့အား အဖွဲ့ဝင်သစ်များအဖြစ် ဒါရိုက်တာအဖွဲ့က ကြိုဆိုလက်ခံခဲ့ပါသည်။

ကုမ္ပဏီအနေနှင့် Mr. Cezar Peralta Consing အား တာဝန်ခန့်အပ်မှုနှင့် စပ်လျဉ်း၍ နောက်လာမည့် အထွေထွေ အစည်းအဝေးတွင် အစုရှယ်ယာရှင်များ၏ အတည်ပြုချက် ရယူမည်ဖြစ်ပါသည်။

အထက်ပါအတိုင်း ပြောင်းလဲခန့်အပ်ပြီးနောက် ကုမ္ပဏီ၏ ဒါရိုက်တာအဖွဲ့သည် အောက်ပါအတိုင်း တာဝန်ထမ်းဆောင်ကြမည် ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**ဒါရိုက်တာအဖွဲ့**

| | |
|---|---|
| ဦးသိမ်းဝေ | အမှုဆောင် ဥက္ကဋ္ဌ |
| ဦးထွန်းထွန်း | အမှုဆောင်ဒါရိုက်တာ နှင့် လုပ်ငန်းလည်ပတ်မှုဆိုင်ရာ အမှုဆောင် အရာရှိချုပ် |
| ပါမောက္ခ ဒေါက်တာ အောင်ထွန်းသက် | လွတ်လပ်သည့် အမှုဆောင် မဟုတ်သော ဒါရိုက်တာ |
| ဦးသန်းအောင် | အမှုဆောင် မဟုတ်သော ဒါရိုက်တာ |
| ဦးကြည်အေး | အမှုဆောင် မဟုတ်သော ဒါရိုက်တာ |
| ဦးလင်းမြိုင် | အမှုဆောင် မဟုတ်သော ဒါရိုက်တာ |
| Mr. Cezar Peralta Consing | အမှုဆောင် မဟုတ်သော ဒါရိုက်တာ |
| Mr. Alberto Macapinlac de Larrazabal | Mr. Cezar Peralta Consing ကိုယ်စား အလှည့်ကျ ဒါရိုက်တာ |

**ဒါရိုက်တာအဖွဲ့၏ အမိန့်အရ**

ထွန်းထွန်း
အမှုဆောင်ဒါရိုက်တာ
၂၀၂၁ ခုနှစ်၊ ဩဂုတ်လ (၂) ရက်

**First Myanmar Investment Public Company Limited.**
YSX Code 00001
The Campus
1 Office Park, Rain Tree Drive
Pun Hlaing Estate, Hlaing Thayar Township,
Yangon 11401, Myanmar
Tel: (01) 3687766
www.fmi.com.mm